# ပါစကားကာလ ဆဌမတနင်္ဂနွေနေ့

ရှင်ယောဟန် ၁၄း၁၅ - ၂၁

ပါစကားကာလတစ်လျှောက်လုံး ကျနော်တို့ ကြွေးကြော်ခဲ့ကြတယ် "သခင်ယေဇူးဟာ သေရာမှ ပြန်ရှင်တယ်၊ ငါတို့ရဲ့ အရှင်သခင်ဖြစ်တယ်။ လောကရဲ့ကယ်တင်ရှင် ဖြစ်တယ်" လို့ ။ ဒါပေမဲ့ အခု အဲ့ဒီလို ကြွေးကြော်ဖို့ နေနေသာသာ ဧဝံဂေလိသတင်းကောင်းအတိုင်း နေထိုင်ကျင့်ကြံဖို့ကိုတောင် အခက်တွေ့နေကြပါတယ်။ ခက်ခဲတာက နဲနဲပါ။ ကိုယ်ကိုယ်တိုင်က ယုံကြည်ခြင်းမှာ သံသယစိတ်ဝင်တာ၊ ကောင်းတဲ့ဘဝ၊ သန့်ရှင်းတဲ့ဘဝ၊ ပေးဆပ်အနစ်နာခံတတ်တဲ့အချစ်တွေနဲ့ နေထိုင်ကျင့်ကြံဖို့ စိတ်ဇွဲ လျော့လာကြပါတယ်။

အဲဒီလို သာသနာပြုရာမှာ၊ ဘုရားကို သက်သေခံရာမှာ ကျနော်တို့ရဲ့ ကျိုးစားမှုနဲ့ လုပ်ရတာ မဟုတ်ဘူး၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရားရဲ့အလုပ်ပါ။ ပြောချင်တာကတော့ သန့်ရှင်းသောဝိညာဉ်တော်ဘုရားက လှုံ့ဆော်တဲ့အတိုင်း၊ လမ်းညွှန်တဲ့အတိုင်း၊ အသိတရားပေးတဲ့အတိုင်း ဝိညာဉ်ခွန်အားရှိရှိ လုပ်နိုင်ဖို့ပါပဲ။ နောက်ထပ် ၂ ပတ်ကြာရင် သန့်ရှင်းသောဝိညာဉ်တော်ဘုရားပွဲနေ့ကို ကျင်းပကြပါတော့မယ်။ သာသနာပြုတာက ကိုယ့်အစွမ်းအစနဲ့ ပြုနေကြတာက မှားပါတယ်။ လမ်းမှားရောက်ဖို့ အန္တရာယ်လည်း များပါတယ်။ သာသနာပြုတာ၊ ဘုရားကိုသက်သေခံတာက ငါ့အလုပ်၊ ငါ့ကိစ္စလို့ ထင်နေရင် မှားမှာပဲ၊ မအောင်မြင်နိုင်ပါဘူး။

ယေဇူးဘုရားရှင်က "ငါသည် သင်တို့ကို အားကိုးရာမဲ့ ပစ်ထားလိမ့်မည်မဟုတ်။ သင်တို့ထံသို့ ငါလာဦးမည်။" လို့ မိန့်တော်မူတဲ့အပြင် "ငါသည် ခမည်းတော်ထံသို့ တောင်းလျှောက်သဖြင့် ကိုယ်တော်သည်လည်း သင်တို့နှင့်အတူ အစဉ်တည်ရှိနေမည့် ကူညီစောင်မသူ နောက်တစ်ပါးဖြစ်သော သမာတရား၏ဝိညာဉ်တော်ကို သင်တို့အား ပေးတော်မူလိမ့်မည်" ဆိုပြီး ကျနော်တို့နဲ့အတူ အမြဲရှိနိုင်မည့် သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်တော်မူပါတယ်။ ကျနော်တို့ဟာ သန့်ရှင်းသောဝိညာဉ်တော်နဲ့အတူတူ ရှိနေခြင်းဟာ သခင်ယေဇူးနဲ့အတူတူ တပည့်တော်ကြီးတွေ ရှိနေသလိုပါပဲ။ အမြဲတမ်း အကူအညီတွေ ရနိုင်ပါတယ်။

ဒါကြောင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သခင်ယေဇူးက ကျနော်တို့အထဲမှာ အလုပ်လုပ်ပေးနေတယ်။ သိသိသာသာကို အလုပ်လုပ်ပေးနေပါတယ်။ ကျနော်တို့ ယုံကြည်ခြင်းမှာ သံသယစိတ် ဝင်မိရင်လည်း ဝိညာဉ်တော်ဘုရားက ယုံကြည်ခြင်း ထက်သန်လာစေပါတယ်။ အားငယ်တဲ့အခါတိုင်းမှာလည်း ခွန်အားပေးပါတယ်။ နောက်ပြီး သခင်ယေဇူး သွန်သင်ဟောပြောခဲ့သမျှကိုလည်း မှတ်မိစေတယ်၊ စိတ်ထဲမှာ စွဲလမ်းစေပါတယ်။ နောက်ပြီး ဘုရားက ပေးတော်မူတဲ့ ကျေးဇူးတွေကိုလည်း သိမြင်လာစေပြီးတော့ ကျေးဇူးတင်တတ်တဲ့စိတ်ကိုပါ ပေးတော်မူပါတယ်။ ကိုယ့်ဘဝကိုယ်ကိုလည်း ကျေနပ်အားရစေပါတယ်။

ဒီလို လှုံ့ဆော်မှုတွေကို ကျနော်တို့ သိသိသာသာ ခံစားမိပါတယ်။ အထူးသဖြင့် ကိုယ့်ဘက်က ဆုတောင်းဖို့ အချိန်ပေးရင်ပဲဖြစ်ဖြစ်၊ ဘုရားကို အာရုံရောက်ပြီး

စဉ်းစားဆင်ခြင်နေတာပဲ ဖြစ်ဖြစ် သန့်ရှင်းသောဝိညာဉ်တော်ဘုရားရဲ့ လှုံ့ဆော်မှုတွေ သိသိသာသာကြီးကို ခံစားရပါတယ်။ ဒါကြောင့် ဒီ့ထက် ဆုတောင်းဖို့အချိန်ပေးရင် ဒီထက်ပိုပြီး လှုံ့ဆော်မှု ခံစားရဦးမှာပါ။ ဒီထက်ပို အချိန်ပေးပြီး ဘုရားတရားကို စဉ်းစားဆင်ခြင်ရင် ဒီထက်ပိုပြီးတော့ ဟောပြောနိုင်ဦးမှာ သေချာပါတယ်။

ရှေးဦးအသင်းတော်မှာဆိုရင် တမန်တော်ကြီးတွေရဲ့ ဟောပြောမှုကြောင့် ဘာသာထဲကို ဝင်လာကြတဲ့သူတွေ အများကြီးပါပဲ။ သူတို့ ဟောပြောတဲ့တရားတွေက မှန်ကန်ကြောင်း သူတို့ လုပ်တဲ့တန်ခိုးတွေက သက်သေခံနေလို့ ဘာသာထဲကို ဝင်လာတဲ့သူတွေက ပိုများပါတယ်။ သခင်ယေရှုက သူ့ရဲ့တန်ခိုးတော်နဲ့ ရောဂါဝေဒနာတွေ အမျိုးမျိုးကို ပျောက်ကင်းချမ်းသာစေသလို အခု တမန်တော်ကြီးတွေလည်း သခင်ယေရှုရဲ့နာမတော်နဲ့ တန်ခိုးတွေလုပ်တာကို မြင်ကြတဲ့ ဘာသာခြား လူမျိုးခြားတွေက ခရစ်ယာန်ဘာသာထဲ ဝင်ရောက်လာကြတာပါ။

ကျနော်တို့ ခေတ်မှာတော့ တန်ခိုးတွေ မြင်ရခဲပါတယ်။ ထူးထူးဆန်းဆန်းနဲ့ ရောဂါဝေဒနာတွေ ပျောက်ကင်းသွားတာတွေ အနည်းငယ်ပဲ သက်သေပြစရာရှိပါတယ်။ ဒါဆို ဘုရားက ကျနော်တို့ခေတ်မှာ တန်ခိုးလုပ်မပေးတော့ဘူးလို့ ထင်နေသလား။ အဲဒီလို နှာစီးချောင်းဆိုး ရောဂါအမျိုးမျိုးကို ပျောက်ကင်းစေတဲ့တန်ခိုးထက် အရေးကြီးပြီး သက်သေခံလို့ကောင်းတဲ့ တန်ခိုး ရှိပါတယ်။ အဲဒါကတော့ **Miracle of Love** ချစ်နိုင်စွမ်း ကြီးလာစေတဲ့ တန်ခိုးပါပဲ။ ဟုတ်ပါတယ်။ လူတွေမှာ အရေးကြီးဆုံးက ချစ်ခြင်းမေတ္တာ ကြီးမားဖို့ပါပဲ။ ရောဂါဝေဒနာတွေဆိုတာ ချစ်ခြင်းမေတ္တာကြီးမားသူအဖို့တော့ ခံနိုင်ရည် ရှိပါတယ်။ ဘယ်လောက်ကျန်းမာရေး ဆိုးဆိုး၊ နောက်ဆုံးကုန်ကုန်ပြောရရင် သေမှသေရောပဲ ချစ်ခြင်းမေတ္တာ ကြီးမားသူက ခံနိုင်ရည်ရှိတယ်။ အဲဒါနဲ့ပဲ သူ့မှာ ကောင်းမှုကုသိုလ်တွေ ပွါးများစေပါတယ်။

ယနေ့ခေတ် ကျနော်တို့ အချိန်ကာလမှာ ချစ်နိုင်စွမ်း ကြီးစေတဲ့တန်ခိုးကို ဝိညာဉ်တော်ဘုရားထံမှ ခံယူရရှိနိုင်ဖို့ ဆုတောင်းပါ။ ဘုရားနဲ့ ပေါင်းပါ။ အရာရာအားလုံးမှာ သင် ကျေနပ်အားရလာပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။